"အသံ"

# ချိန်တူးမြို့အခြေစိုက် အမေရိကန်ကောင်စစ်ဝန်ချုပ်Raymond Greene ယူနန်သည် ပိုမိုအင်တာနေရှင်နယ်ဆန်လာပါပြီ

၂၀၁၄ခုနှစ် စက်တင်ဘာလမှ စတင်တာဝန်ထမ်းဆောင်ပြီး ယခုနှစ် ဇူလိုင်လတွင် အလုပ်တာဝန်ထမ်းဆောင်ပြီးမြောက်မည့် ချိန်တူးမြို့ အခြေစိုက် အမေရိကန်ကောင်စစ်ဝန်ချုပ် Raymond Greeneသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် (၃)နှစ် ကျော်နေထိုင်ခဲ့သည်။ အမေရိကန်နိုင်ငံနှင့် တရုတ်ယူနန်ကို ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွားလာရေး စသည့် အပိုင်းကဏ္ဍများတွင် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တက်ကြွစွာတွန်းတင်ပေးခဲ့သည်။ ကုန်ညှိပွဲကာလအတွင်း သတင်းထောက်၏ သတင်းယူမေးမြန်းခြင်းကို Raymond Greeneမှလက်ခံဖြေကြားခဲ့ပါသည်။

"လှပတဲ့ကူမင်းကို ပြန်ရောက်လာတာအလွန်ပျော်ပါတယ်။ ချိန်တူးအခြေစိုက် အမေရိကန်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးသည် တောင်အာရှကုန်စည်ပြပွဲနှင့် ကုန်ညှိပွဲကို အထူးအလေးထားပါတယ်။ ဒါဟာ ယူနန်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နားလည်နိုင်ရန်၊ နှစ်ဦးနှစ်ဖက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် အကျိုးသက်ရောက်မှုရှိသည့် စင်မြင့်ဖြစ်တယ်လို့ ကျွန်တော်တို့ ထင်မြင်ပါတယ်။"

တရုတ်ယူနန်-အမေရိကန်နှစ်ဖက်သည် ခရီးသွားလာရေး အခွင့်အရေးကို တိုးမြှင့်ခြင်း၊ ကုန်သွယ်ရင်းနှီးမှုကို တိုးချဲ့ခြင်းစသည့် အပိုင်းကဏ္ဍများတွင်(၃)နှစ်အတွင်း ကြီးမားသောတိုးတက် မှုများကို ရရှိခဲ့ကြောင်း Raymond Greeneက ဖော်ပြခဲ့သည်။ "အခုနှစ်ဇန်နဝါရီလမှစပြီး အသုံးပြုသူများသည် (အမေကြမှ) ကော်ဖီဆိုင်တွင် ယူနန်ကော်ဖီအစေ့ကို ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ ဒါဟာအလွန်ကြီးမားတဲ့ ထိုးဖောက်ချက်တစ်ခုဖြစ်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။"ဟု သူကဆက်လက်ပြောဆိုခဲ့သည်။

လွန်ခဲ့သော (၁၆)နှစ်က ယူနန်သို့ ပထမအကြိမ်ရောက်သော အခြေအနေကို ပြန်စဉ်းစားမိပြီး "တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသရဲ့ ပုံရိပ်ကို ယူနန်မှစတွေ့တာပါ။ ဒီမှာလှပတဲ့ သဘာဝရှုခင်း၊ များပြားတဲ့ယဉ်ကျေးမှုတွေရှိတယ်။ ပြီးခဲ့တဲ့ (၇၀)နှစ်က 'ကျားပျံအဖွဲ့'ကြောင့် ချစ်ကြည်ရေးတွေလည်း ရရှိပါတယ်။"ဟု Raymond Greeneက ပြောသည်။

သူသည် (၃)နှစ်အတွင်း တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသ၏ လျင်မြန်စွာကြီးထွားလာမှုကို မျက်မြင်သက်သေပြုခဲ့ကြောင်းပြောဆိုသည်။ ယူနန်သည် ယခုတရုတ်နိုင်ငံမှ တောင်အာရှ အရှေ့တောင်အာရှနိုင်ငံများသို့ မျက်နှာပြုသော အလေးပါသည့် ပြတင်းပေါက်ဖြစ်လာနေပြီဖြစ်ကြောင်း သူပြောပြသည်။

"ယူနန်ရဲအင်တာနေရှင်နယ်ဆန်ပုံစံအဆင့်မှာ အဆက်မပြတ်လျင်မြန်စွာမြှင့်တင်လာပါသည်။ ယင်းအတွင်း ထွက်ပေါ်လာသော စီးပွားရေးအခွင့်အလမ်းအသစ်များကို အမေရိကန်နိုင်ငံလုပ်ငန်းများက အထူးဂရုပြုနေကြသည်။" တရုတ်ယူနန်နှင့် အမေရိကန်နိုင်ငံသည် လမ်းပန်းသွားလာရေး၊ ပြည်သူအကြားယဉ်ကျေးမှုဖလှယ်ရေး၊ ပင်စင်ပြီးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခေတ်ပေါ်စိုက်ပျိုးရေးတည်ဆောက်ရေး၊ မီဒီယာပူးပေါင်းဆောင်ရွက်ရေးစသည့် အပိုင်းကဏ္ဍများတွင် ကြီးမားသော ပူးပေါင်းဆောင်ရွက်မှု အလားအလာနှင့် အခြေအနေများရှိနေသည်ဟု Raymond Greeneကထင်မြင်ပါသည်။

တရုတ်ယူနန်နှင့် အရှေ့တောင်အာရှနိုင်ငံများသည် ခေတ်ပေါ်စိုက်ပျိုးရေးနှင့် ခရီးသွားလာရေးအပိုင်းကဏ္ဍတွင်ကြီးမားသောအပြန်အလှန်ဖြည့်စွက်မှုအားရှိသည်ဟု သူကဖော်ပြခဲ့သည်။ ကူမင်း-ဘန်ကောက်ကားလမ်း၊ တရုတ်-လာအို၊ တရုတ်-ထိုင်းသံလမ်းစသည့် နိုင်ငံတကာလမ်းမကြီးများ၏ ဆောက်လုပ်ရေးကို ကြံ့ခိုင်ခြင်းဖြင့် မကြာသော အနာဂတ်တွင် ဤဒေသ၏ ကုန်စည်စီးဆင်းရေး၊ လူသွားလာစီးဆင်းခြင်း၊ ငွေကြေးစီးဆင်းခြင်းအရှိန်ကို တိုးချဲ့ပေးနိုင်မည်ဖြစ်သည်။

"ယူနန်ဟာအရမ်းကောင်းတာပဲ၊ ကျွန်တော်ပြန်တောင်မပြန်ချင်ပါဘူး။" ဟု Raymond Greeneက ပြောသည်။



အမေရိကန်နိုင်ငံသို့ ပြန်ရောက်လျှင် အမေရိကန်နိုင်ငံသားများယူနန်ကို လာရောက်လည်ပတ်ရင်းနှီးမှုပြုရန်၊ ယူနန်နှင့် အနောက်တောင်ပိုင်းဒေသအတွက် မိမိတတ်စွမ်းသမျှတက်ကြွစွာကြော်ငြာလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သူက ပြောကြားသွားသည်။

သတင်းထောက် - ဝမ်ကျင့်၊ လီဟုန်ဖုန်း

## ရွှေလီလေကြောင်းကုမ္ပဏီနှင့် The Boeing Companyသည် အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်




(၅၂)ကြိမ်မြောက်ပဲရစ်လေကြောင်း ပြပွဲကာလအတွင်း ရွှေလီလေကြောင်း ကုမ္ပဏီနှင့် The Boeing Company သည် အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်မြောက်အောင်လုပ်ဆောင်ပြီး Boeing 737-MAXအသစ်အစီး(၂၀) စီး၏စာချုပ်လွှာကို တရားဝင်လက်မှတ်ရေးထိုးခဲ့ရာစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၂. ၂)ဘီလီယံ၊ တရုတ်ယွမ်ငွေပေါင်း (၁၅)ဘီလီယံခန့်ရှိကြောင်းသိရှိရပါသည်။

Boeing 737-MAX သည် ခေတ်မီသောအင်ဂျင်နည်းပညာနှင့် ပိုမိုအကျိုးအားကောင်းသော ပြင်ပန်းပုံသဏ္ဍန်ကို အသုံးပြုထားပြီး အတွင်းပိုင်းဒီဇိုင်းမှာ ပိုမိုသက်တောင့်သက်တာဖွယ်ဖြစ်ကာ ခရီးသည်များအတွက်ပိုမိုသက်သာလုံခြုံသော ပျံသန်းမှုအတွေ့အကြုံကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်းသိရပါသည်။

၂၀၁၄ခုနှစ် စတင်ပျံသန်းစဉ်ကတည်းက ရွှေလီလေကြောင်းကုမ္ပဏီသည် စုစုပေါင်းလေကြောင်းလိုင်း(၂၈) ခုဖွင့်လှစ်ခဲ့ပြီး နေ့စဉ်လေကြောင်း(၇၆)ခုကို ပျံသန်းနေလျက်ရှိသည်။ မြို့ (၂၇)ခုသို့ ပျံသန်းနိုင်သည်။ လေယာဉ်အဖွဲ့မှာ ဘိုးရင်းလေယာဉ်အဖွဲ့ဖြစ်ပြီး (၁၄) စီးရှိနေပြီ ဖြစ်သည်။

သတင်းထောက် - ဟူရှောင်ယုံ

## အချိန်(၃)နှစ်ခွဲဖြင့် ယူနန်မှခရိုင်မြို့ဇုန်(၁၂၅)ခုတွင် အမြန်လမ်းဖောက်လုပ်ရေးဖြစ်မြောက်မည်

ယခုနှစ်မှစပြီး ယူနန်သည်(၃)နှစ်ခွဲအချိန်ဖြင့် ပြည်နယ်တစ်ခုလုံးတွင် ခရိုင်နယ်ပယ် အမြန်ကားလမ်း "ဖောက်နိုင်လျှင်အားလုံးဖောက်" လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၀ခုနှစ်တွင် ယူနန်၏ ခရိုင်မြို့ဇုန်(၁၂၅)ခု အမြန်လမ်းဖောက်လုပ်ပြီးစီးသွားနိုင်ကာ မိုင်တိုင်ပေါင်း (၁)သောင်းကီလိုမီတာကို လမ်းပေါက်နိုင်မည်ဟု ယူနန်ပြည်နယ် အမြန်လမ်းဆောက်လုပ်ရေး တွန်းတင်အစည်းအဝေးမှ သတင်းရရှိခဲ့သည်။

ယခုလက်ရှိအမြန်လမ်း၏ ဝန်ဆောင်မှုဇုန်အများအပြားသည် ဓာတ်ဆီဖြည့်ရန်နှင့် ကျန်းမာရေးအသုံးပြုရန်အတွက်ကိုသာ ထောက်ပံ့ပေးထားခဲ့ပါသည်။ အနာဂတ်တွင် ဝန်ဆောင်မှုဇုန်ကို ယူနန်ရှုခင်းပုံရိပ်၊ ထူခြားကုန်များကိုပြသသည့် စင်မြင့်အဖြစ် တည်ဆောက်သွားမည်ဖြစ်ပါသည်။

သတင်းထောက် - ဝမ်လိမ်

## ယူနန်လယ်ယာစိုက်ပျိုးရေးအုပ်စုမှ ကုန်းမြင့်ထူးခြားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘောလုပ်ငန်းထွက်ကုန်ခေတ်ပေါ် ကုန်စည်စီးဆင်းမှုဇုန်စီမံကိန်းစတင်လုပ်ဆောင်

ဇွန်လ(၂၃)ရက် ကူမင်းမြို့စီးပွားဖွံ့ဖြိုးတိုးတက်မှုဇုန်ဝမ်ကျားရင်တွင် ယူနန်လယ်ယာစိုက်ပျိုးရေးအုပ်စု(YUNAN STATE FARMS GROUP)ကုန်းမြင့်ထူးခြားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘောလုပ်ငန်းထွက်ကုန်ပေါ် ကုန်စည်စီးဆင်းမှုခြံဇုန်ကို စတင်လုပ်ဆောင်ခဲ့သည်။

အဆိုပါကုန်စည်စီးဆင်းရေးဇုန်သည် စုစုပေါင်းမျက်နှာပြင် ဧရိယာ (၂၄၀. ၄၈)မူရှိပြီး စုစုပေါင်းရင်းနှီးငွေမှာ တရုတ်ယွမ်သန်းပေါင်း (၇၅၀)ရှိသည်။ ယူနန်လယ်ယာစိုက်ပျိုးရေး အုပ်စုကို အဓိကပင်မပြုသည့် လုပ်ငန်းထုဖြစ်သည်။ ကုန်စည်သယ်ပို့ရေးအထွေထွေဝန်ဆောင်မှုကို တစ်ကိုယ်တည်းပြုထားပါသည်။ ခေတ်မီပြီးစွမ်းဆောင်ချက်စုံလင်သော စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘောလုပ်ငန်းထွက်ကုန်ခွဲ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးဇုန်ဖြစ်သည်။ ၎င်းစီမံကိန်းသည် ကြီးမားသော သိုလှောင်မှုအားပိုင်ဆိုင်ထားသည်။ သံလမ်း၊ ကားလမ်းများကို ပြည့်ဝစွာအသုံးပြုပြီး တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ အရှေ့ပိုင်းကိုကောင်းစွာ ဝန်ဆောင်မှုပေးနိုင်ကာ အရှေ့တောင်အာရှသို့ အကျယ်အပြန့်အကျိုးဆောင်ရွက်မည်ဖြစ်သည်။

သတင်းထောက် - လီဟုန်ခိုင်